**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**နေ့စဉ်ဈေးကွက်သတင်းလွှာ**

**February 28 , 2023** **Volume 63, Number 20**

**၂၈.၂.၂၀၂၃**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၅၃၀၀၀ |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မူဆယ်နယ်စပ်ကုန်သွယ်ရေးဂိတ်တွင် ပို့ကုန်တန်ဖိုးမြင့်တက်ပြီး သွင်းကုန်တန်ဖိုးလျော့ကျလာ

ယခုဘဏ္ဍာနှစ်အတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဂိတ်တွင် ပို့ကုန်တန်ဖိုး မြင့်တက်ပြီး သွင်းကုန်တန်ဖိုး လျော့ကျလာကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့် ကုန်သွယ်မှုစာရင်းများအရသိရ သည်။

မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ တရုတ်ဘက်သို့ ပို့ကုန်တင်ပို့မှုများ ပုံမှန် အတိုင်း ပြန်လည်လုပ်ဆောင်လာသော်လည်း သွင်းကုန်တင်သွင်းမှုမှာ ဆက်လက် လျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။ တရုတ်ဘက်မှ ဓာတ်မြေဩဇာ၊ ဆေးဝါး၊ စက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းအပါအဝင် တခြားသွင်းကုန်ပစ္စည်းများ နေ့စဉ် တင်သွင်းမှုပြုလုပ်နေပေမယ့် ယခုဘဏ္ဍာနှစ်၏ ၁၀ လကျော်ကာလအတွင်း အမေရိကန်ဒေါ်လာ ၂၅၅ သန်းကျော် တင်သွင်းမှု ပြုလုပ်ထားကြောင်း စာရင်းများ အရသိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၂၉၂ သန်းကျော် တင်သွင်းမှုပြုလုပ်ခဲ့သည့်အတွက် ကာလတူတင်သွင်းမှုတန်ဖိုးထက် အမေရိကန် ဒေါ်လာ ၃၇ သန်းကျော် လျော့ကျခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် ပို့ကုန်တန်ဖိုးမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၈ ဘီလီယံ ပို့ကုန်ဝင်ငွေရရှိထားကြောင်း သိရသည်။ ပို့ကုန်သွင်းကုန်လိုင်စင်များ လျှောက်ထား ရာတွင် အွန်လိုင်းစနစ်ဖြင့် လွယ်ကူစွာလျှောက်ထားနိုင်ရန် ဆောင်ရွက်နေသည့် အပြင် နယ်စပ်ကုန်သွယ်ရေးတွင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်စေရေး အတွက်လည်း ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဖေဖော်ဝါရီလ ၂၄ ရက်နေ့က UMFCCI အသင်းချုပ်၌ ပြုလုပ်သည့် ပို့ကုန်သွင်းကုန်ကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍများတိုးမြှင့်ရေး ဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=105323

## တရုတ်နှင့်အိန္ဒိယမှ အဝယ်လိုက်နေခြင်းကြောင့် ကုလားပဲဈေးနှုန်း မြင့်တက်လာ

မန္တလေးကုန်စည်ဒိုင် ဈေးကွက်အတွင်း ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေပြီး ကုလားပဲအုပ်စုအနေဖြင့် ပြည်တွင်းသုံးစွဲမှုမြင့်မားလာကာ၊ ပြည်ပပို့ကုန်သမားများ ဝယ်ယူနေခြင်း၊ ပြည်တွင်းပဲခွဲစက်များ အဝယ်လိုက်နေခြင်း၊ ပို့ကုန်ပဲများကို တရုတ်နှင့်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အိန္ဒိယမှဝယ်ယူနေခြင်းကြောင့် ဈေးမြင့်လာခြင်းနှင့်အတူ ပြည်တွင်းသုံးပဲများလည်း ဈေးကောင်းရနေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

အဆိုပါဈေးကွက်အတွင်း ကုလားပဲဖြူလုံးကြီး(V-2) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၈၈၀၀၀ ဖြစ်ပြီး ပြီးခဲ့သည့်တစ်ပတ်တွင် ကျပ် ၁၈၅၀၀၀ မှ ၁၈၆၀၀၀၊ ယခင်လတွင် ကျပ် ၁၈၄၀၀၀ မှ ၁၈၅၀၀၀ ရှိကြောင်းသိရသည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၃၀၀၀၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၄၀၀၀ မြင့်တက်လာခြင်းဖြစ်သည်။

ကုလားပဲ(ထိုင်ဝမ်) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၇၀၀၀၊ ယခင်လ ကျပ် ၁၆၈၀၀၀ ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လ ကျပ် ၁၄၀၀၀ မြင့်တက်လာခဲ့သည်။

ကုလားပဲ(929) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၁၈၀၅၀၀၊ ယခင်တစ်ပတ်ကျပ် ၁၈၁၀၀၀၊ ယခင်လကျပ် ၁၇၁၀၀၀ မှ ၁၇၂၀၀၀ ဖြစ်ခဲ့ကာ ယခင်တစ်ပတ် ထက်ကျပ် ၅၀၀ နိမ့်ကျလာပြီး၊ ယခင်လထက်ကျပ် ၈၅၀၀ မှ ၉၅၀၀ မြင့်တက်လာကြောင်း၊ ကုလားပဲဖြူလုံးကြီး(V-7) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၁၈၆၀၀၀၊ ယခင်တစ်ပတ်ကျပ် ၁၈၅၀၀၀ မှ ၁၈၆၀၀၀၊ ယခင်လကျပ် ၁၈၇၀၀၀ ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက်ကျပ် ၁၀၀၀ နိမ့်ကျလာကြောင်း ကုန်စည်ဒိုင် ဈေးကွက်အတွင်းမှသိရသည်။

ပြည်ပသို့ မတ်ပဲ၊ ပဲတီစိမ်း ၊ ပဲတီစိမ်းလုံးခြမ်း ၊ ပဲစင်းငုံ ၊ ကုလားပဲ ၊ ပဲလွန်းဖြူ ၊ မြေထောက်ပဲ ၊ ထောပတ်ပဲ ၊ ပဲယင်း ၊ ပဲကြီး ၊ ပဲကတ္တီပါ(စွန်တာနီ) ၊စွန်တာပြာ ၊ ပဲကတ္တီပါ(စွန်တာနီ/ပြာ) ၊ ပဲဖြူလေး ၊ ဘိုကိတ်ပဲ ၊ ပဲပုတ်စေ့ ၊ ပဲနီကြား ၊ နိုင်လွန်ပဲ ၊ မြေပဲ(အခွံပါ) ၊ မြေပဲဆန်နှင့် အခြားပဲအမျိုးမျိုးကို တင်ပို့နေပြီး မတ်ပဲတင်ပို့မှုသည်အများဆုံးဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## လာမည့် ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းတန်ချိန် ၆ သိန်းတင်ပို့မည်



**Source: Popular News Journal**

ယခုလာမည့်ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲတီစိမ်းတန်ချိန် ၆ သိန်းတင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောသည်။

အဆိုပါ ပဲတီစိမ်းတန်ချိန် ၆ သိန်းကို ပဲတီစိမ်းအညာအမျိုးအစား လက်ရှိ FAQ ၁ တန်ပေါက်ဈေး ဒေါ်လာ ၉၄၀ ဖြင့် တွက်ချက်ပါက ဒေါ်လာ ၅၆၄ သန်းရနိုင်ပြီး၊ ပဲနောက်အမျိုးအစား FAQ ၁ တန်ပေါက်ဈေး ၇၇၀ ဖြင့်တွက်ပါက ဒေါ်လာ ၄၆၂ သန်းရနိုင်ကြောင်း သိရသည်။ ယင်းပဲတီစိမ်းတန်ချိန် ၆ သိန်းကို လေးကြိမ်ခွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်၏ ဆယ်လကျော်ကာလအတွင်း ပြည်ပသို့ပဲတန်ချိန် ၁ ဒသမ ၅၃ သန်းကျော်တင်ပို့ထားပြီး ယင်းတွင် ပဲတီစိမ်းတင်ပို့မှုမှ ၅ သိန်း ၁ သောင်းကျော်ဖြင့် အများဆုံးတင်ပို့ထားကြောင်း သိရသည်။

ပဲတီစိမ်းကို နယ်စပ်လမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းကနေတစ်ဆင့် တင်ပို့မှုများရှိနေပြီး နယ်သာလန်၊ အိုင်ယာလန်၊ အင်္ဂလန်၊ ဂျာမနီ စသည့်နိုင်ငံတွေကို တင်ပို့နေကြောင်း၊ အဆိုပါ နိုင်ငံတွေမှတစ်ဆင့် အခြားသော ဥရောပကုန်သည်တွေနှင့်ချိတ်ဆက်ကာ ပြန်လည်ဖြန့်ဖြူးကြောင်းသိရသည်။ ယင်းအပြင် မြန်မာ့ပဲတီစိမ်းကို တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှလည်း ဝယ်လိုအားရှိနေကြောင်း သိရသည်။

**Source: Popular News Journal**

## ယခုဘဏ္ဍာနှစ်အတွင်း ရေနံထွက်ပစ္စည်းများကို ကန်ဒေါ်လာ (၄) ဘီလီယံကျော်ဖြင့် အများဆုံးတင်သွင်းခဲ့

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဧပြီလမှဇန်နဝါရီလကုန်အထိ (၁၀) လတာကာလအတွင်း ပြည်ပမှသွင်းကုန် တင်သွင်းမှုများအနက် ရေနံထွက်ပစ္စည်းများကို ကန်ဒေါ်လာ (၄) ဘီလီယံကျော်ဖြင့် အများဆုံးတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်တွေအရ သိရသည်။

သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ပစ္စည်းဟူ၍ အုပ်စုလေးခုခွဲခြား၍ တင်သွင်းပြီး ပြည်ပမှအများဆုံးသွင်းကုန်ပစ္စည်း (၁၀) မျိုးတွင် ရေနံထွက်ပစ္စည်းများကို အများဆုံးတင်သွင်းခဲ့ခြင်းဖြစ်သည်။ ရေနံထွက်ပစ္စည်းများတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဆီ၊ ဖိအားမြင့် သဘာဝဓာတ်ငွေ့(CNG)၊ သဘာဝဓာတ်ငွေ့ရည် (LPG) တို့ ပါဝင်ကြောင်းသိရသည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှတင်သွင်းနေပြီး CMP လုပ်ငန်းတွင်ပါဝင်သည့် လက်ခစားစနစ်ဖြင့် အထည်ချုပ်၊ ဖိနပ်၊ အိတ်၊ မှန်ဘီလူးသွေးခြင်းစသည့်လုပ်ငန်းများတွင် ပုဂ္ဂလိက CMP စက်ရုံ၊ အလုပ်ရုံများမှ ကုန်ကြမ်းတင်သွင်းနေခြင်းဖြစ်သည်။

ယင်းအပြင် သွင်းကုန်များထဲမှ ရေနံထွက်ပစ္စည်းပြီးပါက CMP ကုန်ကြမ်းများအပါအဝင် ချည်ထည်တင်သွင်းမှုမှ ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်နှင့် ဒုတိယအများဆုံး တင်သွင်းခဲ့ပြီး သံနှင့်သံမဏိကုန်ကြမ်းအတွက် ဒေါ်လာ (၅၆၄) သန်းကျော်၊ ဆေးဝါးပစ္စည်းအတွက် ဒေါ်လာသန်း (၅၄၀)၊ ဓာတ်မြေသြဇာအတွက် ဒေါ်လာ (၅၃၅) သန်းကျော်ဖြင့် တင်သွင်း ဆောင်ရွက်ထားကြောင်း သိရသည်။

စက်နှင့်စက်ပစ္စည်းအတွက် ဒေါ်လာ (၅၃၄) သန်းကျော်၊ စားအုန်းဆီအတွက် ဒေါ်လာ (၅၃၂) သန်းကျော်၊ ပလက်စတစ်ကုန်ကြမ်းအတွက် ဒေါ်လာ (၅၂၈) သန်းကျော်၊ သင်္ဘောနှင့် သင်္ဘောပစ္စည်းအတွက် Draw Back ဖြင့် MOGE မှ တင်သွင်းတန်ဖိုး (၄၅၆) သန်းအပါအဝင် အကောက်ခွန်မှ  သွင်းကုန် ID ပါ HS အရ ဒေါ်လာ (၄၅၇) သန်းကျော်နှင့် လျှပ်စစ်ပစ္စည်းအတွက် ဒေါ်လာ (၄၄၅) သန်းကျော် သုံးစွဲထားကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ဘဏ္ဍာနှစ် (၁၀) လအတွင်း ပြည်ပမှ တင်သွင်းခဲ့သည့်အုပ်စုအလိုက် သွင်းကုန်ပစ္စည်းများတွင် CMP ပစ္စည်းများ၊ Draw Back ပစ္စည်းတန်ဖိုးများအပါအဝင် တင်သွင်းမှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၀) ဘီလီယံနီးပါးအထိ ရှိနေခြင်းဖြစ်သည်။

**Source: Popular News Journal**

## လွယ်ဂျယ်နှင့်ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၄  ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၆၄၁၁၂၁၉.၉၄ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၄၈၄၃၈၅.၂၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ဆန်၊ ကြံ၊ ပဲယင်း၊ နှမ်း၊ ပဲတီစိမ်း၊ နိုင်လွန်ပဲ၊ ငရုတ်သီး၊ ဖရဲသီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၈၉၇၉၁၁.၉၄ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၅၁၃၃၀၈.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ  စက်နှင့်စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ ချည်ထည်များ၊ အခြားစက္ကူများ၊ ကားတာယာ၊ မြက်ခင်းတုနှင့်ဒီဇယ်အင်ဂျင်များ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၀၃၄၅၀ တင်သွင်းမှု ရှိခဲ့ပြီး၊

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၈၀၉၃၅.၂၀ တင်သွင်းမှု ရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁.၂၀ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: မနောမြေကုန်သွယ်မှုဇုန်ဌာန

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၄ ရက်နေ့အတွင်း ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ဆန်၊ ကြံ၊ ပဲယင်း၊ နှမ်း၊ ပဲတီစိမ်း၊ နိုင်လွန်ပဲ၊ ငရုတ်သီး၊ ဖရဲသီးနှင့်ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၆၄၁၁၂၁၉.၉၄ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၃၄၆၈၅၈၁.၅၅ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၉၄၂၆၃၈.၃၉ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၄ ရက်နေ့အတွင်း စက်နှင့်စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ချည်ထည်များ၊ အခြားစက္ကူများ၊ ကားတာယာ၊ မြက်ခင်းတုနှင့် ဒီဇယ်အင်ဂျင်များ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏ တန်ဖိုးမှာ ၄၈၄၃၈၅.၂၀ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၆၀၀၁၇၀.၄၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန် ၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၁၅၇၈၅.၂၀ ကန်ဒေါ်လာတန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၅၉၂၆၈၃၄.၇၄ ကန်ဒေါ်လာ ပိုမိုပြီးကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁.၂၀ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနောမြေကုန်သွယ်မှုဇုန်ဌာန

## STOCK EXCHANGE (28.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,562 (Shares) | 18,292,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,400 | 8,300 | 554 | 4,599,200 | 33,109,694 | 274,810 |
| MTSH | 00002 | 3,150 | +100 | +3.28% | 3,050 | 3,150 | 3,050 | 1,873 | 5,725,950 | 38,929,150 | 122,627 |
| MCB | 00003 | 7,500 | -100 | -1.32% | 7,500 | 7,500 | 7,500 | 79 | 592,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 3,746 | 6,407,400 | 29,664,613 | 50,430 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 120 | 312,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 120 | 312,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 70 | 343,000 | 10,497,598 | 51,438 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 27th Feb. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.03 | +1.62 | +0.43% | 374.66 | 376.54 | 374.66 | 6,562 | 18,292,050 | 7 | 662,593 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Feb. 2023

| Trading Volume | Trading Value |
|---|---|
| 6,562 (Shares) | 18,292,050 (MMK) |

## Main Board

As of 1:00 pm, 27th Feb. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,562 (Shares) | 18,292,050 (MMK) |

| MYANPIX | 376.03 ▲ 1.62 |
|---|---|
| Total Volume (shares) | 6,562 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,593 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 100 |
| MCB | 00003 | 7,500 | ▼ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |